# အာဒ်ဝင်တူးကာလ ပထမတနင်္ဂနွေနေ့

ရှင်လုကာ ၂၁း၂၅-၂၈၊ ၃၄-၃၆

ခရစ္စမတ်အချိန်မှာ ကြွလာမယ့် ကယ်တင်ရှင်ဘုရားကို ထိုက်တန်စွာ ကြိုဆိုနိုင်ဖို့ ကျနော်တို့ဝိညာဉ်ကို ပြင်ဆင်ကြရမည့် အာဒ်ဝင်တူးကာလကို ရောက်လာပါပြီ။ အာဒ်ဝင်တူးဆိုတာ "သခင်ဘုရား၏ကြွဝင်လာခြင်း" လို့ အဓိပ္ပါယ်ရပါတယ်။ ဒီအချိန်ကာလမှာ အသင်းတော်က နောက်ဆုံးသောနေ့မှာ လောကကို တရားမျှတစွာ စီရင်ဖို့ ရှင်ဘုရင်ကြီးကဲ့သို့ ကြွလာမည့် ကယ်တင်ရှင်ယေဇူးဘုရားကို စောင့်မျှော်နေကြပါတယ်။ အဲဒီအခါ သေတဲ့လူတွေ ပြန်ရှင်လာမယ်။ လူ့ကိုယ်ခန္ဓာကလည်း မသေနိုင်တော့တဲ့/ ဘုန်းဂုဏ်တော်နဲ့ပြည့်ဝတဲ့ ကိုယ်ခန္ဓာဖြစ်လာမယ်။ အမြဲတမ်း ငြိမ်းချမ်းသာယာနေမယ်။ ထာဝရအသက်ရှင်နေမယ်။ မျက်ရည်ဆိုတာ မရှိတော့ဘူး။ ဝမ်းနည်းစရာတွေ မရှိတော့ဘူး။ ဒါတွေအားလုံးဟာ ခရစ္စယာန်တွေရဲ့ မျှော်လင့်ချက်တွေပါပဲ။

ယနေ့လောကမှာ ဖြစ်ပျက်နေတဲ့ပျက်စီးခြင်းတွေ ကြည့်ပြီးတော့ လောကသားတွေက ခရစ္စယာန်တွေကို မေးချင်ကြမယ်။ "ဒီလောက်တောင် လောကကြီးက ပျက်စီး ဆိုးသွမ်းနေကြတာ၊ မင်းတို့က တစ်နေ့ကျ ငြိမ်းချမ်းသာယာမယ်၊ ဝမ်းနည်းပူဆွေးစရာတွေ လုံးဝမရှိတော့ဘူးဆိုတာတွေကို မျှော်လင့်နိုင်ကြသေးရဲ့လားကွာ" လို့ ။ ဟုတ်တယ်၊ ငါတို့ ခရစ္စယာန်တွေက သေချာပေါက် မျှော်လင့်နိုင်ကြပါတယ်။ ဘာလို့လဲဆိုတော့ ယေဇူးဘုရားရှင်ကြောင့်ပါပဲ။ ယေဇူးဘုရားရှင်ရဲ့တရားတော်ကို လိုက်နာတာပဲဖြစ်ဖြစ်၊ ဘုရားကို ယုံကြည်လက်ခံ၊ တရားကို ယုံကြည်လက်ခံတာနဲ့တင် မျှော်လင့်နိုင်ကြပါတယ်။ ဘာမျှ မပူပါနဲ့။

အဲဒီကယ်တင်ရှင်ဘုရားက ကျနော်တို့ ဘုရားကို ယုံကြည်ဖို့၊

တရားကို လက်ခံဖို့အတွက် လူ့အဖြစ်နဲ့ မွေးဖွါးခံတာပါ။ အဲဒီ ယေဇူးဘုရားရှင်ကို ယုံကြည်/ဒါကြောင့် သူ့တရားတော်ကို လက်ခံနေရင် တစ်လောကလုံး ငြိမ်းချမ်းသာယာနေမှာဆိုတာ သင်တို့ သိပြီးသားပါ။

ဒါကြောင့် လောကသားတွေက ခရစ္စယာန်တွေကို မေးချင်နေတဲ့ "ငြိမ်းချမ်းဖို့ မျှော်လင့်နေသေးလား။ လူတွေ တစ်ယောက်နဲ့တစ်ယောက် မေတ္တာထားကြဖို့ မျှော်လင့်နေနိုင်သေးရဲ့လား" ။ ဟုတ်တယ်၊ မျှော်လင့်တယ်။ မျှော်လင့်တာမှ ပျော်ပျော်ကြီးကို မျှော်လင့်နေတာပါ။ တက်တက်ကြွကြွကို မျှော်လင့်နေတာပါ။ သေချာပေါက်ကို မျှော်လင့်နေကြလို့ ဆုတောင်းနေကြတာပေါ့။ မမျှော်လင့်တော့ဘူးဆိုရင် ဘာလို့ဆုတောင်းနေအုံးမှာလဲ။

လောလောဆယ် လူတွေ ပျက်စီးနေတာ၊ မေတ္တာတရား ခေါင်းပါးနေတာ ဟုတ်ပါတယ်။ လူတွေက ဘုရားဆိုတာ မရှိပါဘူးဆိုတဲ့ အတွေးအခေါ်ဝင်နေကြတယ်။ ယခုခေတ်အချိန်အခါမှာ တီထွင်တိုးတက်နေကြလို့ လူဟာ မာနကြီးလာကြပါပြီ။ လူဟာ ကြီးကြီးမားမား ဖျက်ဆီးနိုင်တဲ့လက်နက်တွေ ပိုင်ဆိုင်လာကြပါပြီ။ ယနေ့အထိ စစ်ပွဲတွေ ဖြစ်နေကြတုံးပါပဲ။ သတ်နေကြတုံးပါပဲ။ ဖျက်ဆီးနေကြတုံးပါပဲ။ ဒီလောက်တောင် ဉာဏ်ရှိတဲ့လူသားက ငြိမ်းချမ်းသာယာအောင် ဘယ်လိုလုပ်ရမလဲဆိုတာကို မသိဘူးတဲ့ဗျာ။ ဒီလောက်လွယ်တာကို မသိဘူးတဲ့။ လူတိုင်းကို ဘုရားတရားသာ သင်ပေးလိုက်၊ ငြိမ်းချမ်းသွားလိမ့်မယ်။ လွယ်လွယ်လေး။

အခုတော့ အဲ့လိုမဟုတ်ဘူး။ လူက ကိုယ်မှန်တယ်ထင်ရင် မှန်တာပဲ။ ဘယ်ဘုရားကိုမှ နားမထောင်ဘူး။ ကိုယ့်မင်းကိုယ့်ချင်းနေချင်ကြလို့ လူအားလုံးနဲ့ မစည်းလုံးကြဘူး၊ တစ်စိတ်တစ်သဘောတည်း အေးအတူပူအမျှ မရှိကြဘူး။ ဘာကြောင့် ဒီလို ပျက်လာရတာလဲ။ အဖြေကတော့ လူတွေက လောကဆန်လာကြပြီ၊ ဘုရားတရားကို

ထည့်မစဉ်းစားကြတော့လို့ပါပဲ။ ဒါ့ကြောင့်ပါပဲ။

ဒါဆို ဘာလုပ်ကြရမလဲ။ ယနေ့ဖတ်ရတဲ့ ပထမကျမ်းထဲကလိုပဲ "သခင်ဘုရားသည် ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်း ဖြစ်တော်မူ၏" တဲ့။ လူသားတွေအားလုံး ဖြောင့်မတ်မှန်ကန်ကြဖို့ဆိုရင် သခင်ဘုရားကို လက်ခံယုံကြည်ဖို့ပဲ လိုပါတယ်။ သခင်ဘုရားကို ယုံကြည်တယ်၊ ဒါကြောင့် သူ့ရဲ့ကတိတော်တွေအားလုံးကို မျှော်လင့်နေတယ်။ ဒါကို ခရစ္စယာန်တွေက ကြွေးကြော်နေတာဟာ "နွားခြေရာခွက်လေးထဲက အော်နေလို့ တစ်ကမ္ဘာလုံး ဘာဖြစ်လာနိုင်မှာမို့လို့လဲ" လို့ ထင်ချင်ထင်နေပါ့မယ်။ ဒါတွေကြောင့် စိတ်ပျက်မနေဖို့ ယေဇူးဘုရားရှင်က ယနေ့ ဧဝံဂေလိကျမ်းစာမှ "သင်တို့၏ဦးခေါင်းကို မော့ထားကြလော" တဲ့။ ဘာဖြစ်လို့လဲဆိုတော့ "အောင်တော့မှာ" တဲ့။ "အကြောင်းမူကား သင်တို့၏ကယ်တင်ခြင်းသည် နီးလာလေပြီ" တဲ့ ။

ခရစ္စယာန်တွေ သင်တို့ရဲ့ သန့်ရှင်းမြင့်မြတ်တာတွေက ဘုရားကျောင်းထဲမှာပဲ တိတ်တိတ်လေး၊ လူမသိသူမသိ ဖြစ်နေတာမျိုးမဟုတ်ရပဲ အပြင်လောကမှာ/ ဈေးထဲမှာ/ အိမ်ထဲမှာ/နေရာတကာမှာ သင်တို့ရဲ့အလင်းကို သူတစ်ပါးရှေ့မှာ ထွန်းလင်းပြစရာ လိုအပ်နေပါပြီ။ စိတ်မပျက်ပဲ ဘုရားကိုအားကိုးပြီး မျှော်လင့်နေကြောင်း ပြကြပါ။ ဒုက္ခအခက်အခဲတွေအကြားမှာ အားမငယ်ပဲ အားတက်နေကြောင်း ပြကြပါ။ ဒါတွေဟာ ဘုရားကို ယုံကြည်အားကိုးလို့ စိတ်မပျက်ပဲ မျှော်လင့်ရဲကြတာပါ။

အဲဒီလို ဆက်လက်မျှော်လင့်နေနိုင်ဖို့ ကိုယ့်ကိုယ်ကို သတိထားရမည့်အချက်ကိုလည်း ယေဇူးဘုရားရှင်က အခုလို သတိပေးထားပါတယ်။ ''သင်တို့၏စိတ်နှလုံးသည် သောက်စားမူးယစ်ခြင်းနှင့် လောကီရေးရာအတွက် စိုးရိမ်ပူပန်ခြင်းတို့ဖြင့် လေးလံဖိစီးမှုမရှိစေရန် သတိပြုကြလော့။" "သတိဝီရိယနှင့် အချိန်ပြည့်

စောင့်နေကြလော့။ ဘုရားသခင်ရဲ့ ရှေ့တော်မှောက်တွင် ရပ်တည်နိုင်ရန် ဆုတောင်းကြလော့” လို့ သတိပေး မိန့်တော်မူထားပါတယ်။ ဒါကြောင့် လောကရေးရာတွေမှာ စိတ်လေးလံဖိစီးပြီး စိတ်မပျက်စေဖို့ အချိန်ပြည့် ဘုရားကို ယုံကြည်အားကိုးပါ။ ဒါဟာ သင့်ကို စိတ်မပျက်စေတဲ့အပြင် ပိုတောင် ခွန်အားအသစ်တွေနဲ့ အားတက်သရော ရင်ဆိုင်နိုင်ကြပါလိမ့်မယ်။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။